### မိမိချစ်ခင်ရသူ နာတာရှည်ဆေးရုံဝန်ဆောင်မှုခံယူရင် ဘာလုပ်မလဲ။

ပြင်းထန်သည့် ရောဂါဝေဒနာခံစားနေရသည့် ချစ်ခင်သူအား စောင့်ရှောက်ပေးခြင်းသည် သင်တာဝန်ယူပေးနိုင်သည့် အရေးအကြီးဆုံးအခန်းကဏ္ဍတစ်ရပ်ဖြစ်သည်။ သင်ချစ်ခင်ရသူ နာတာရှည်ဆေးရုံဝန်ဆောင်မှုခံယူနေစဉ် အဓိကပြုစုစောင့်ရှောက်သူ သင်၏လုပ်ငန်းတာဝန်သည် စားသောက်ကုန်များဝယ်ယူချက်ပြုတ်ခြင်းမှသည် ဆေးကုသမှုခံယူရန် ရက်ချိန်းစီစဉ်ခြင်းအထိ၊ ရေချိုးပေးခြင်း၊ အိပ်ရာခင်းလဲပေးခြင်းကဲ့သို့သော လက်တွေ့စောင့်ရှောက်မှုများပေးခြင်းအထိရှိသည်။

### ကျွန်ုပ်ချစ်ခင်ရသူနှင့် ကျွန်ုပ်တို့၏မိသားစုအတွက် နာတာရှည်ဆေးရုံဝန်ဆောင်မှုက ဘာတွေပံ့ပိုးပေးမှာပါလဲ။

- သက်သောင့်သက်သာရှိစေရန် လိုအပ်သည့် ဆေးဝါးများ
- ဆေးဘက်ဆိုင်ရာ ကိရိယာများနှင့် ထောက်ပံ့ရေးပစ္စည်းများ
- အိမ်တွင် ထိန်းချုပ်၍မရနိုင်သည့် ရောဂါလက္ခဏာများအတွက် အတည်ပြုထောက်ခံထားသည့် ဆေးရုံများတွင် အတွင်းလူနာအဖြစ် ကာလတိုပြုစုစောင့်ရှောက်မှု
- အိမ်နှင့် ဝေးရာတွင် အနားပေးစောင့်ရှောက်မှုဟု ခေါ်တွင်သည့် ယာယီစောင့်ရှောက်ပေးမှု။
- စေတနာ့ဝန်ထမ်းများ၊ ဂီတကုထုံး၊ နှိပ်နယ်ခြင်း၊ အိမ်မွေးတိရစ္ဆာန်ကုထုံးကဲ့သို့သော မေတ္တာဖြင့် လုပ်ဆောင်ပေးသည့် အခြားဝန်ဆောင်မှုများကိုလည်း ရရှိနိုင်ပါသည်။



### သင်၏ကျန်းမာခြင်းသည် အရေးကြီးပါသည်။

ပြုစုစောင့်ရှောက်မှုတာဝန်များကြောင့် အထီးကျန်ဆန်လာပြီး ဝန်ပိလာတတ်သည်မှာ သဘာဝဖြစ်ပါသည်။ ပြုစုစောင့်ရှောက်သူပီပီ ဆုံးဖြတ်ချက်ချပေးရသောအခါများတွင်လည်း မရေရာမသေချာခြင်းကို ခံစားရနိုင်ပါသည်။ သင်ချစ်ခင်ရသူအား သင့်ဘက်က ပြုစုစောင့်ရှောက်ပေးနိုင်စွမ်းနှင့် ပတ်သက်ပြီး မသေချာသလိုလည်း ခံစားရနိုင်ပါသည်။

### နာတာရှည်ဆေးရုံဝန်ဆောင်မှုက ဘယ်လိုကူညီပေးနိုင်ပါသလဲ။

အရေးကြီးလှသည့် ဤလုပ်ငန်းတာဝန်များစွာကို လုပ်တတ်စေရန်အတွက် နာတာရှည်ဆေးရုံကျွမ်းကျင်ပညာရှင်များက ပြသပေးနိုင်ပါသည်။ သင့်တွင် ရုပ်ပိုင်းဆိုင်ရာ ပြုစုစောင့်ရှောက်မှုတာဝန်များတွင် သင့်အား ကူညီပေးပြီး စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကိုပါ ထောက်ကူပေးမည့် သူနာပြုဆရာဝန်၊ လူမှုဝန်ထမ်း၊ အိမ်တွင်းကျန်းမာရေးအကူများအပါအဝင် ဘာသာရေးလိုအပ်ချက်ဖြည့်ဆည်းစောင့်ရှောက်မှုများကိုပါ ပံ့ပိုးပေးမည့် အဖွဲ့တစ်ဖွဲ့ရှိလာပါမည်။ သင့်နာတာရှည်ဆေးရုံဝန်ဆောင်မှုအဖွဲ့ကို သင်လိုအပ်မည့် မည်သည့်အချိန်တွင်မဆို ဆက်သွယ်နိုင်ပါသည်။

သင့်တစ်ဦးတည်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် မှီငြမ်းကိုးကားနိုင်မည့် အခြားရင်းမြစ်များကို ရှာဖွေရန်အတွက် အစီအစဉ်ရေးဆွဲရာတွင် နာတာရှည်ဆေးရုံအဖွဲ့က ကူညီပေးနိုင်ပါသည်။ မိသားစု၊ မိတ်ဆွေများ၊ သင့်ဘုရားကျောင်း သို့မဟုတ် သင့်လူမှုရေးအသင်းအဖွဲ့များကို ဆက်သွယ်ခြင်းကလည်း အထူးတလည်အထောက်အကူဖြစ်ပါသည်။

### ကျွန်ုပ် အခြားဘာတွေကိုသိထားသင့်ပါသလဲ။

သင်ချစ်ခင်ရသူကို နာတာရှည်ဆေးရုံတွင် သင့်သဘောဆန္ဒအလျောက်သာ စာရင်းသွင်းနိုင်ပါသည်။ နာတာရှည်ဆေးရုံဝန်ဆောင်မှုမှ ပြုစုစောင့်ရှောက်မှုကို မည်သည့်အကြောင်းကြောင့်မဆို အချိန်မရွေးဖျက်သိမ်းနိုင်သည် သို့မဟုတ် ပြောင်းလဲပစ်နိုင်ပါသည်။

နာတာရှည်ဆေးရုံဝန်ဆောင်မှုအကြောင်းကို သင့်မိသားစု၊ သင့်မိတ်ဆွေများဖြင့် ဆွေးနွေးကြည့်ပါ။ ဤလက်ကမ်းစာစောင်ကို မျှဝေလိုက်ခြင်းသည်လည်း စကားဝိုင်းစရန် ကူညီပေးနိုင်ပါသည်။ နာတာရှည်ဆေးရုံဝန်ဆောင်မှုတစ်ခုနှင့် တစ်ခုရွေးချယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ဆေးရုံသို့ ကိုယ်တိုင်လာရောက်လေ့လာခွင့်ကိုလည်း တောင်းဆိုနိုင်ပါသည်။

**သင့်ဒေသတွင်းရှိ နာတာရှည်ဆေးရုံဝန်ဆောင်မှုများအကြောင်းကို တီးခေါက်ကြည့်ပါ။**

Blue Cross Blue Shield of Michigan

Nonprofit corporations and independent licensees of the Blue Cross and Blue Shield Association

MOQC
MICHIGAN ONCOLOGY QUALITY CONSORTIUM

နာတာရှည်ဆေးရုံဝန်ဆောင်မှုသည်

# နာတာရှည်ဆေး ရုံဝန်ဆောင်မှု

ကျွန်ုပ်အတွက်

# သင့်တော်မှု

ရှိပါသလား။







### နာတာရှည်ဆေးရုံဝန်ဆောင်မှုဆိုတာ ဘာလဲ။

နာတာရှည်ဆေးရုံဝန်ဆောင်မှုသည် ပြင်းထန်သော ရောဂါဖြင့် အသက်ရှင်နေရသူကို ပြုစုစောင့်ရှောက်မှု၊ သက်သောင့်သက်သာရှိအောင် ဆောင်ရွက်ပေးမှုနှင့် အထောက်အကူပြုမှုများကို ပံ့ပိုးပေးပါသည်။

### နာတာရှည်ဆေးရုံဝန်ဆောင်မှုရွေးချယ်မှုမှန်ကန်ကြောင်းကို ဘယ်လိုသိမလဲ။

ကင်ဆာရောဂါကို ကင်ဆာဆေးသွင်းကုထုံး၊ ဓာတ်ရောင်ခြည်ကုထုံးများဖြင့် ကုသစေကာမူ ဆေးမတိုးတော့သည့် အချိန်မျိုးလည်း ရှိတတ်သည်။ နာတာရှည်ဆေးရုံဝန်ဆောင်မှု၏ရည်ရွယ်ချက်မှာ သင်ချစ်ခင်သူများကို ၎င်း၏နောက်ဆုံးနေ့ရက်များနှင့် ရက်သတ္တပတ်များတွင် သက်သောင့်သက်သာအရှိဆုံးနေထိုင်မှုဖြင့် နေထိုင်သွားနိုင်စေရန်ဖြစ်သည်။

နာတာရှည်ဆေးရုံဝန်ဆောင်မှုမှ ကျွမ်းကျင်ပညာရှင်များကလည်း နာကျင်မှုဝေဒနာ၊ မအီမသာဖြစ်ခြင်းနှင့် အသက်ရှူမဝခြင်းကဲ့သို့သော ရောဂါလက္ခဏာများကို ထိန်းချုပ်ပေးပါသည်။ စိုးရိမ်ပူပန်စိတ်လျော့ကျစေရန် ကူညီပေးပြီး ဘာသာရေးပိုင်းဆိုင်ရာနှင့် စိတ်ခံစားမှုပိုင်းဆိုင်ရာ ပံ့ပိုးမှုများကို ၎င်းတို့ဘက်က ကူညီပေးနိုင်ပါသည်။ သင်ချစ်ခင်ရသူကို သက်သောင့်သက်သာ၊ ဂုဏ်သိက္ခာရှိရှိ ရှင်သန်မှုမျိုးဖြင့် အသက်ရှည်ရှည်နေသွားနိုင်အောင် ကူညီနိုင်ရန်အတွက် အာရုံစိုက်ထားပါသည်။

**နာတာရှည်ဆေးရုံဝန်ဆောင်မှုဆိုသည်နှင့် လက်လျှော့လိုက်ရန် မလိုပါ။ သင်ချစ်ခင်ရသူများသည် နာတာရှည်ဆေးရုံဝန်ဆောင်မှုရယူနေခိုက်တွင် အရည်အသွေးအမြင့်ဆုံးသော ပြုစုစောင့်ရှောက်မှုကို ဆက်လက်ရရှိနေမည်သာ ဖြစ်ပါသည်။**

### ကျွန်ုပ်ချစ်ခင်ရသူကို နာတာရှည်ဆေးရုံဝန်ဆောင်မှုအကြောင်း ဘယ်အချိန်မှာ ဖွင့်ပြောသင့်လဲ။

ပြင်းပြင်းထန်ထန်နာမကျန်းဖြစ်နေသူအား နာတာရှည်ဆေးရုံဝန်ဆောင်မှုယူခိုင်းရမည့် အချိန်ကို ဆုံးဖြတ်ရန် ခက်ခဲတတ်ပါသည်။

ပြင်းထန်သော စိတ်ခံစားမှုများနှင့် ရင်ဆိုင်ရခြင်း၊ အနာဂတ်အတွက် စိုးရိမ်စိတ်များဝင်လာခြင်းမှာ သဘာဝပင်ဖြစ်ပါသည်။ ဆုံးဖြတ်ချက်ချရသည်မှာ ခက်ခဲကောင်းခက်ခဲနိုင်သော်လည်း သင်ချစ်ခင်ရသူအား ဤမေးခွန်းများမေးမြန်းကြည့်ခြင်းသည် စကားစနိုင်ရန်အတွက် ထောက်ကူပေးနိုင်ပါသည်

- နောက်ဆုံးထွက်သက်နေ့ရက်တွေမှာ ဘာကိုတွေ့ကြုံခံစားချင်လဲ။
- အချိန်တွေကို ဘယ်သူနဲ့အတူကုန်ဆုံးချင်လဲ။
- ဘယ်လိုရည်မှန်းချက်တွေရှိလဲ။
- နာတာရှည်ဆေးရုံဝန်ဆောင်မှုခံယူဖို့ စဉ်းစားကြည့်ချင်လား။
- နာတာရှည်ဆေးရုံဝန်ဆောင်မှုယူရတာက သင့်အတွက် ဘယ်လိုအဓိပ္ပာယ်ဖြစ်မလဲ။

### ကျွန်ုပ်ချစ်ခင်ရသူကို နာတာရှည်ဆေးရုံမှာ စာရင်းသွင်းလိုက်မယ်ဆိုရင် ဘာတွေဆက်ဖြစ်လာဖို့ရှိလဲ။

နာတာရှည်ဆေးရုံဝန်ဆောင်မှုရယူစဉ်တွင် သင်ချစ်ခင်ရသူသည်-

- ၎င်းတို့တွင် ရှိကောင်းရှိနေနိုင်သည့် ဆီးချိုကဲ့သို့သော အခြားသော ရောဂါအခြေအနေများအတွက် ပြုစုစောင့်ရှောက်မှုကို ဆက်လက်ခံယူ၍ရပါမည်။
- အကိုက်အခဲပျောက်ဆေးများ၊ ပဋိဇီဝဆေးများနှင့် အခြားသော ဆေးဝါးများကို လိုအပ်သလို ဆက်လက်ရရှိနေပါမည်။
- ၎င်းတို့၏ကင်ဆာရောဂါအထူးကုဆရာဝန်၊ ပြနေကျ ဆရာဝန်များနှင့် ဆက်လက်ဆက်သွယ်၍ရနေပါမည်။
- စိတ်ခံစားမှုပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ဘာသာတရားပိုင်းဆိုင်ရာ ထောက်ကူပေးမှုကို ရရှိနေပါမည်။

### နာတာရှည်ဆေးရုံဝန်ဆောင်မှုကို မည်သည့်နေရာတွေမှာ ပံ့ပိုးပေးသလဲ။

သင်မည်သည့်နေရာတွင် နေထိုင်စေကာမူ သင်နေထိုင်သည့် နေရာအထိ လိုက်လံပြုစုစောင့်ရှောက်ပေးသွားမည်ဖြစ်ပါသည်။ (ဥပမာ- အိမ်၊ သူငယ်ချင်းအိမ်၊ ကျွမ်းကျင်သူနာပြုများရှိရာ ဘိုးဘွားရိပ်သာ၊ အထောက်အကူပြုပစ္စည်းများရှိရာ ပြုစုစောင့်ရှောက်မှုဌာန၊ ဘိုးဘွားရိပ်သာ၊ နာတာရှည်ပြုစုစောင့်ရှောက်မှုဂေဟာ)။ နာတာရှည်ဆေးရုံဝန်ဆောင်မှုအကူအညီရယူရန် တစ်ရက်လျှင် 24 နာရီ၊ တစ်ပတ်လျှင် 7 ရက်လုံး ဆက်သွယ်နိုင်ပါသည်။